

# ၂၀၂၀ လူဦးရေစာရင်း- မန်ဆန်သောအချက်အလက်များ

## လူဦးရေစာရင်းဆိုတာ ဘာလဲ။

**အမေရိကန်နိုင်ငံလူဦးရေစာရင်းစီမံရေးဌာနသည် ၁၀နှစ်တိုင်းတွင် အမေရိကန်နိုင်ငံ အတွင်း နေထိုင်သောလူဦးရေအရေအတွက်ကို သတ်မှတ်ရန် လူဦးရေစာရင်းကို စီမံဆောင်ရွက်ပါသည်။**

### လူဦးရေစာရင်းတွင် မည်သည်တို့ကိုတောင်းခံပါသလဲ။

လူဦးရေစာရင်းသည် လူမှုမီဒီယာပရိုဖိုင်အများစုထက် နည်းပါးသော ကိုယ်ရေး အချက်အလက်အား တောင်းခံပါသည်။ အမည်၊ လိင်၊ အသက်၊ မွေးနေ့၊ လူမျိုး/ တိုင်းရင်းသား၊ အိမ်ထောင်ဦးစီး၊ ပိုင်ရှင် သို့မဟုတ် ငှားရမ်းသူနှင့် တော်စပ်ပုံနှင့် ဖုန်းနံပါတ်တို့ကဲသို့သောအရာ များကို တောင်းခံပါသည်။

### မည်သူတို့ကို ထည့်တွက်ပါသလဲ။

လူဦးရေစာရင်းပုံစံများကို အိမ်ထောင်စုမှ ဖြည့်ရပါသည်။ နေရပ်လိပ်စာတွင် နေထိုင်သူတိုင်း၏အချက်အလက်များနှင့် ကလေးများအပါအဝင် လူတိုင်းကို ထည့်တွက်ရန်လိုအပ်ပါသည်။

### ၎င်းကို ဘယ်လိုဖြည့်ရပါမလဲ။

၂၀၂၀ ခုနှစ်အတွက် ၎င်းမှာ ပုံမှန်ထက်ပို၍လွယ်ကူပါသည်။ သင့်ထံ မေးလ်ပို့ ပေးမည့် အထူးသီးသန့်လူဦးရေစာရင်း ID ကိုသုံးကာ အွန်လိုင်းတွင် အကြောင်းပြန်နိုင်ပါသည်။ သင့်အနေဖြင့် အင်တာနက်အသုံးပြုမှုမရှိပါက ဖုန်း သို့မဟုတ် မေးလ်ဖြင့် အကြောင်းပြန်နိုင်ပါသည်။

### လူဦးရေစာရင်းအချက်အလက်ကို ဘယ်လိုအသုံးပြုရပါသလဲ။

ထည့်တွက်ခံရခြင်းသည် လူ့အဖွဲ့အစည်းအား အလုပ်အကိုင်များ ဖန်တီးပေး ခြင်း၊ အိမ်ရာပေးခြင်း၊ K-12 ပညာရေးထောက်ပံ့ပေးခြင်း၊ အရေးပေါ်ကိစ္စ များအတွက် ပြင်ဆင်ပေးခြင်းနှင့် ကျောင်းများ၊ လမ်းများ၊ ဆေးရုံများနှင့် စာကြည့်တိုက်များဆောက်လုပ်ပေးခြင်းတို့ကို အကူအညီဖြစ်စေပါသည်။

### လူဦးရေစာရင်းနှင့် ရွေးကောက်ပွဲများ

လူဦးရေစာရင်းအချက်အလက်သည် လွှတ်တော်အတွင်း သင့်ဒေသမှ ကိုယ်စားလှယ်မည်မျှရှိကြောင်း သတ်မှတ်ပေးပါသည်။ ထို့အပြင် ပြည်နယ် အဆင့်နှင့် ဒေသတွင်း အရာရှိများသည် ပြည်နယ်အဆင့်နှင့် ဒေသတွင်း ဥပဒေပြုခရိုင်များနှင့် ခရိုင်ကျောင်းများအတွက် ကန့်သတ်ချက်များကို ရေးဆွဲရန် လူဦးရေစာရင်းအချက်အလက်များကို အသုံးပြုပါသည်။

### လူဦးရေစာရင်းနှင့် အချက်အလက်လုံခြုံရေး

ဥပဒေအရ တစ်ဦးချင်းလူဦးရေစာရင်းအချက်အလက်ကို မမျှဝေရပါ။ ထို့အပြင် လူဦးရေစာရင်းအချက်အလက်မှာ လုံခြုံမှုရှိပါသည်။ လူဦးရေစာရင်းစီမံရေးဌာန သည် သင့်အချက်အလက်အား ကာကွယ်ရာတွင် ခိုင်မာသော ဆိုက်ဘာ လုံခြုံရေးဆောင်ရွက်မှုများရှိ ပါသည်။

### ဘာသာစကားအကူအညီ

- အွန်လိုင်းဖောင်- အင်္ဂလိပ်ဘာသာစကားမဟုတ်သော ဘာသာစကား ၁၂ မျိုး
- စာရွက်ဖောင်- အင်္ဂလိပ်ဘာသာနှင့် စပိန်ဘာသာ
- ဆွံ့အနားမကြားသူများအတွက် ဆက်သွယ်ရေးများမှ ကူညီပေးသည်
- ဘာသာစကားလမ်းညွှန်များ (ဗီဒီယိုနှင့် ပရင့်)- အင်္ဂလိပ်ဘာသာ စကား မဟုတ်သော ဘာသာစကား ၅၉ မျိုးအပြင် အမေရိကန် သင်္ကေတဘာသာစကား၊ မျက်မမြင်စာနှင့် ပုံနှိပ်စာလုံးကြီး

### သတ်မှတ်ရက်စွဲများ

**မတ် လ၊ ၂၀၂၀**

➤ အိမ်ထောင်စုများထံ လူဦးရေစာရင်းဖိတ်ကြားချက်များပေးပို့ခြင်း

**ဧပြီလ-ဇူလိုင်လ၊ ၂၀၂၀**

➤ အကြောင်းပြန်မှုမရရှိပါက သတိပေးနှိုးဆော်စာများ/ ပို့စ်ကတ်များပေးပို့ခြင်း

**ဇူလိုင်လ၊ ၂၀၂၀**

➤ ကိုယ်တိုင်ပြန်ကြားရမည့်နောက်ဆုံးသတ်မှတ်ချိန်

**ဒီဇင်ဘာ ၃၁ ရက် ၊ ၂၀၂၀**

➤ လူဦးရေစာရင်းစီမံရေးဌာနမှ အရေအတွက်အား သမ္မတထံသို့ တင်ပြခြင်း

**မတ်လ၊ ၂၀၂၁**

➤ ပြည်နယ်များမှ တရားဝင်အရေအတွက်အား လက်ခံသိရှိခြင်း

ပိုမိုလေ့လာသိရှိရန် **www.becountedmi2020.com** သို့ ဝင်ရောက်ပါ

United States Census Bureau

BE COUNTED MICHIGAN2020